# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်

## ပထမနှစ်သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၊ တိရစ္ဆာန်ဆေးပညာဘွဲ့ (DVM) (၆) နှစ်သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (BASc) (၄)နှစ်သင်တန်းသို့ တက်ရောက်ပညာသင်ကြားခွင့်ရရှိရန်အတွက် ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများလျှောက်ထားနိုင်သည်။

၂။ (က) တိရစ္ဆာန်ဆေးပညာဘွဲ့ (DVM) (၆)နှစ်သင်တန်းအတွက် တက္ကသိုလ်ဝင်စာမေးပွဲတွင် စုစုပေါင်းရမှတ် (၄၂၀)မှတ်နှင့် အထက်ရရှိသူ အမျိုးသားဦးရေ (၅၀)ဦးနှင့် အမျိုးသမီးဦးရေ (၅၀)ဦး စုစုပေါင်း (၁၀၀)ဦး လက်ခံမည်။

(ခ) မွေးမြူရေးပညာဘွဲ့ (BASc) (၄)နှစ်သင်တန်းအတွက် တက္ကသိုလ်ဝင်စာမေးပွဲတွင် စုစုပေါင်းရမှတ် (၃၈၀) မှတ်နှင့် အထက်ရရှိသူ အမျိုးသားဦးရေ (၇၅)ဦးနှင့် အမျိုးသမီးဦးရေ (၇၅)ဦး စုစုပေါင်း (၁၅၀)ဦး လက်ခံမည်။

၃။ ဝင်ခွင့်လျှောက်ထားသူသည်-

(က) တက္ကသိုလ်ဝင်ခွင့်လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှု ဥပဒေနှင့်ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

(ဂ) ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၃၀ရက်တွင် အသက် (၁၉)နှစ်ထက် မကြီးစေရ။

(ဃ) ကျန်းမာရေးနှင့် ပြည့်စုံသူဖြစ်ရမည်။

၄။ ပထမနှစ်ဝင်ခွင့်လျှောက်လွှာသတ်မှတ်ပုံစံမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပြီး မိမိအစီအစဉ်နှင့် (A4 Size) စာရွက်ဖြင့် ကွန်ပျူတာစာစီ၍ သတ်မှတ်ရက်အတွင်း တိုက်ရိုက်လျှောက်ထားရန် ဖြစ်ပါသည်။

၅။ ပထမနှစ်ဝင်ခွင့်လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများ ပူးတွဲတင်ပြရမည်-

(က) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံချက်(မူရင်း)

(ခ) တက္ကသိုလ်ဝင်အမှတ်စာရင်း(မူရင်း)

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ် ရဲစခန်း(သို့မဟုတ်) ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့၏ ထောက်ခံချက်(မူရင်း)

(ဃ) လျှောက်ထားသူနှင့် မိဘနှစ်ပါးတို့၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)

(င) လိုင်စင်ဓာတ်ပုံ (၄)ပုံ

၆။ လျှောက်လွှာကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သင်တန်းရေးရာဌာန (ရေဆင်း)သို့ လိပ်မူ၍ ၂၉-၁၀-၂၀၂၁ရက် (သောကြာနေ့) နောက်ဆုံးထား၍ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်။ သတ်မှတ်ရက်ထက် နောက်ကျသော လျှောက်လွှာများ၊ မပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မမှန်မကန်ဖော်ပြ၍ လျှောက်ထားကြောင်း စစ်ဆေးတွေ့ရှိပါက ရွေးချယ်ခြင်းခံရစေကာမူ ပယ်ဖျက်ခြင်း၊ တက္ကသိုလ်မှ ထုတ်ပယ်ခြင်းခံရမည်။

၇။ အကယ်၍ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်သို့ ဝင်ခွင့်မရရှိပါက တက္ကသိုလ်ဝင်ခွင့်ဆုံးရှုံးမှုမဖြစ်စေရန်အတွက် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့က ကြေညာသတ်မှတ်ထားသော နည်းလမ်းအတိုင်း တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်ဖြင့် အခြား တက္ကသိုလ်များသို့လည်း လျှောက်ထားရန် လိုအပ်မည်ဖြစ်သည်။

၈။ အသေးစိတ်သိရှိလိုပါက မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သင်တန်းရေးရာဌာန ဖုန်း-၀၆၇-၃၄၁၆၆၅၉၊ ဒုတိယ ပါမောက္ခချုပ်(သင်ကြား) ဖုန်း-၀၆၇-၃၄၁၆၅၂၆တို့ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါကြောင်းနှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၏ Website ဖြစ်သော www.uvsyezin.edu.mm တွင် ကြည့်ရှုရယူနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

## လျှောက်လွှာနမူနာပုံစံ

## မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်

## ပထမနှစ်ဝင်ခွင့်လျှောက်လွှာ

## (တိရစ္ဆာန်ဆေးပညာဘွဲ့/မွေးမြူရေးပညာဘွဲ့)

## (၂၀၂၀ ပြည့်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက်သာ)

ဓာတ်ပုံ
တစ်ပုံကပ်
သုံးပုံပူးတွဲ

| | ကျောင်းသား/ ကျောင်းသူ | အဖ(အရင်း) | အမိ(အရင်း) |
|---|---|---|---|
| ၁။ အမည် | | | |
| ၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | | | |
| ၃။ လူမျိုး | | | |
| ၄။ ကိုးကွယ်သည့်ဘာသာ | | | |
| ၅။ မွေးသက္ကရာဇ်(တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်တောင်းခံစဉ်အတိုင်း) | | | |

| | အဖ(အရင်း) | အမိ(အရင်း) |
|---|---|---|
| ၆။ မိဘအလုပ်အကိုင်/ရာထူး/ဌာန | | |
| ၇။ မိဘနေရပ်လိပ်စာ၊ ဖုန်းနံပါတ် | | |

၈။ ဝင်ခွင့်လျှောက်ထားသူ၏ ...............................................................
ဆက်သွယ်ရန်လိပ်စာနှင့် ဖုန်းနံပါတ် ...............................................................

၉။ တက္ကသိုလ်ဝင်စာမေးပွဲခုံအမှတ်.....................ခုနှစ်.............စာစစ်ဌာန...............ရမှတ်ပေါင်း.........................
မြို့နယ်................................................ ပြည်နယ်/တိုင်း..................................................

၁၀။ တက်ရောက်လိုသည့်သင်တန်း

တိရစ္ဆာန်ဆေးပညာဘွဲ့ (၆)နှစ်သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (၄)နှစ်သင်တန်းစသည်တို့တွင် တက်ရောက်လိုသည့် သင်တန်းကို ဦးစားပေးအလိုက် တိကျမှန်ကန်စွာ ဖြည့်စွက်ရေးသားရန်။

(က) ပထမဦးစားပေး ..............................................

(ခ) ဒုတိယဦးစားပေး ..............................................

၁၁။ ဝန်ခံချက်

အထက်ဖော်ပြပါ အချက်အလက်များ မှန်ကန်ပါသည်။

ရက်စွဲ....................................

....................................
ဝင်ခွင့်လျှောက်ထားသူလက်မှတ်

အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ပါသည်။

ရက်စွဲ....................................

....................................
မိဘ/အုပ်ထိန်းသူလက်မှတ်